# ဖေဖော်ဝါရီ တစ်ငုံ

လေရူးတို့ တိုက်လာတိုင်း
သစ်ရွက်ခြောက်ပမာ
ကျွန်တော် လွင့်မျောရသည်။
ကဗျာရေးလျှင်ပင်
သက်ထားဆွေ၏ အပြုံးနုနုလေးကို
ထည့်မရေးဘဲ မနေနိုင်ပါ။

ပိန်းဆက်ပွင့်

# "ဖေဖော်ဝါရီ တစ်ငုံ"

ဗယ်လင်တိုင်းဒေးကို ကျွန်တော် မမုန်းပါ။ မုန်းစရာ အကြောင်းလည်း ကျွန်တော့်ဆီမှာ မရှိပါ။ ထို့အတူ ဗယ်လင်တိုင်းဒေး နီး လာပြီဟူ၍ စောင့်မျှော် ရလောက်အောင်လည်း နောက်ကြောင်း ဖွယ်ဖွယ်ရာရာ မရှိပါ။ သက်ထားဆွေလည်း ကျွန်တော့် နည်းတူပင် ဖြစ်လိမ့်မည်ဟု စဉ်းစား ကြည့်မိသေးသည် ။ သို့သော်လည်း တိတိကျကျတော့ မခန့်မှန်းနိုင်ပါ။ ထိုနေ့အကြောင်း ကျွန်တော်တို့ တစ်ခါဖူးမျှ မဆွေးနွေး ဖြစ်ခဲ့ကြသောကြောင့် ဖြစ်၏။

သစ်ပင်များကိုလည်းကောင်း၊ လူတချို့ကိုလည်းကောင်း၊ ကျွန်တော် စကားပြောဖူးပါသည် ။ ဗယ်လင်တိုင်းဒေး အကြောင်းတော့ မဟုတ်။ အချစ်အကြောင်းသာ ဖြစ်သည် ။ ချစ်သူများ အကြောင်းသာ ဖြစ်သည် ။ အချစ်အကြောင်းနှင့် ချစ်သူများ အကြောင်းကိုတော့ သက်ထားဆွေနှင့် ကျွန်တော် အတော်များများ ပြောဖြစ်ခဲ့ဖူးသည် ။ သိပ်တော့လည်း အထူးအဆန်း မဟုတ်ပါ။ အားလုံး သိပြီးသား အကြောင်းအရာတွေချည်း ဖြစ်သည် ။ ဒါကို ဖေဖော်ဝါရီနှင့် သက်ထားဆွေတို့ လည်း သိပါလိမ့်မည်။

***

အ အေး ဆို င် မှာ ထိုင်နေရင်း၊ အဖြူအစိမ်းဝတ် အထက်တန်း ကျောင်းသား လူငယ် ယောက်ျားလေးတွေ အအေးသောက်ရင်း စီးကရက် ဖွာနေကြ၏။ ထိုမြင်ကွင်းကို ကြည့်မြင်လျက်...

''သက်ထားတို့ သားလေးကျ အဲဒီလို ပျက်စီးနေရင် ကို ဘယ်လိုလုပ် မလဲ'' ဟု သက်ထားဆွေ ကျွန်တော့်ကို မေး၏။ ကျွန်တော် ထိုကောင် လေးတွေဆီ ကြည့်ငေးရင်း ...'' အချိန်မတန်သေးဘူး သား။ သား ဆိုး လို့ ရတယ်။ ဒါပေမဲ့ အခု မဟုတ်သေးဘူး လို့ ပြောမယ်'' ဟု ကျွန်တော် ပြန်ဖြေသည် ။

''သက်ထားကတော့ ကို့လို နုနေမှာ မဟုတ်ဘူး နော်။ ကိုယ့်သားသ မီး မိဘစကား နားမထောင်လို့ ကတော့ အိမ်ပေါ်ကနေ မောင်းချပစ်မှာ ' '

ကျွန်တော် ခေါင်းခါ၏။

''အဲဒီလို မောင်းချ လိုက်တော့ကော၊ သူတို့ လိမ္မာသွားမှာ လား''

''သူတို့ တောင် မိဘကို အာခံပြီး မဟုတ်တာ ခိုးလုပ်သေးတာလေ။ သက်ထားက အမေတစ်ယောက် အနေနဲ့ ဘာအညံ့ခံစရာ ရှိသလဲ။ ကျိုး ထိုးထိုး ခွေးစားစား၊ သွားပေ့ါ ''

''မဟုတ်သေးဘူး သက်ထားရဲ့ ။ သက်ထားက အခု မိဘနေရာ တ ကယ် မဖြစ်သေးလို့ ပါ''

''အို ... မိဘနေရာ တကယ်ဖြစ်လာလည်း မိဘ စကားနားမထောင် ရင် ဒီလိုပဲ လုပ်မှာ ''

''သက်ထားက အသည်းမာပေမယ့် ကိုယ့်ကတော့ အသည်းနုတယ်''

''ကိုယ့် က ဘာလုပ်မှာ လဲ''

''သား။ မသွားနဲ့ ၊ မင်းအမေက စိတ်ဆိုးတုန်းမို့ ပြောလိုက်တာပါလို့ ပြောဆိုချော့မော့ တားမြစ်မှာ ပေါ့''

''ဒါဆို သားအဖနှစ်ယောက်စလုံး အိမ်က ဆင်းလေ''

''ဆင်းတယ်ကွာ။ ငါ့သားကိုတော့ မင်းပြောသလို ကျီးထိုးထိုး ခွေးစားစား ပစ်မထားနိုင်ဘူး။ ငါ့သားကို မင်း ပစ်ပေမယ့် ငါ မပစ်နိုင်ဘူး''

''မထားနိုင် လိုက်သွားပေါ့''

''အေး။ လိုက်သွားမယ်။ ငါ့သားနဲ့ အတူ ငါလိုက်နေမယ်။ မင်းက မိခင်စိတ် မရှိတဲ့ မိန်းမ။ ရက်စက်တတ်တဲ့ မိန်းမ''

''အဲဒီတော့ ဘာဖြစ်လဲ။ ခင်ဗျားက မကျေနပ်ဘူးလား''

''မကျေနပ်ဘူး။ မင်း ငါ့သားကို အဲဒီလို ရက်ရက်စက်စက် မလုပ်နဲ့လေ။ အဲဒါ မင်းရဲ့ သား၊ ငါ့ရဲ့ သား မဟုတ်ဘူး လား''

''ဟုတ်တယ်လေ။ ဟုတ်လို့ ပုံစံပေးနေတာ။ ရှင် ရှေ့ကနေ ကာဆီး ကာဆီး မလုပ်နဲ့ လေ''

''တောက် ... ဒီမိန်းမ''

''ရှင် တောက်ခတ်တယ်''

''ခတ်တယ်''

''တွေ့မယ်။ ရှင် ... ရှင်''

ထိုအခါမှ ကျွန်တော် သတိဝင်လာ၏။ ကျွန်တော်နှင့် သက်ထားဆွေသည် ထိုအချိန်တွင် ချစ်သူဘဝသာ ရှိနေသေးသည် ပဲ။

(ထိုနေ့ကား ဗယ်လင်တိုင်းဒေး မဟုတ်သော ဖေဖော်ဝါရီ၏ တခြား ရက် တစ်ရက်မှာ သမားရိုးကျ ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်လေး တစ်ခု မျှသာ)။

***

ကျွန်တော်သည် တော်တော် မိုက်မဲသော သတ္တဝါ ဖြစ်၏။ ထိုမိုက်မဲခြင်းကို သက်ထားဆွေသည် ကောင်းစွာ သဘောပေါက် သွားပုံရ၏။ ကျွန်တော့်အား အမိုက်တစ်စပမာ စွန့်ပစ်သွားနိုင်ခဲ့သည် ။

အလွမ်းဟူသည် ကျွန်တော်နှင့် မကင်းရာ မကင်းကြောင်း ကိစ္စရပ်တစ်ခု ဖြစ်ချေသည် ။ ယခုမူ ကြေကွဲသံ တချွင်ချွင် လှုပ်ခတ်နေသော ဖေဖော်ဝါရီကို ကျွန်တော် နှုတ်ခွန်း ဆက်သရပေဦးမည်။

အနုပညာဖန်တီးမှုတွေ ပိုမိုလုပ်ဆောင် နေဖြစ်သော်လည်း အတိတ်ဟောင်း၏ ခြောက်လှန့်မှုမှ တော့ ကျွန်တော် မတွန်းလှန်နိုင်သေးပေ။ အနုပညာ ... အနုပညာကို ကျွန်တော် သက်ထားဆွေနှင့် ထပ်တူ အဆုံးရှုံးမခံနိုင်။

လေရူးတို့ တိုက်လာတိုင်း သစ်ရွက်ခြောက်ပမာ ကျွန်တော် လွင့်မျောရသည် ။ ကဗျာရေးလျှင်ပင် သက်ထားဆွေ၏ အပြုံးနုနုလေးကို ထည့်မရေးဘဲ မနေနိုင်ပါ။ ဤကား သစ္စာဖြစ်ပါသည် ချစ်သော သက်ထားဆွေ။

***

''တစ်နေ့နေ့မှာ ၊ ကိုယ့်နဲ့ သက်ထား လက်ထပ်ပြီးလို့ ၊ သားသမီးတွေ ရလာခဲ့ရင်၊ အထူးသဖြင့် ... သားယောကျ်ားလေး မွေးခဲ့ရင်၊ အဲဒီကလေးဟာ၊ ကို့လို မဖြစ်စေရဘူး'' ဟု သက်ထားဆွေ ပြော၏။ ကျွန်တော် ... သူ့ကို ကျောခိုင်းလျက် (၃၅) ကားအလာကို စောင့်ကြည့်နေရာမှ ၊ သူ့မျက်နှာဆီ လည်ပြန်လှည့်ကြည့်ရင်း ...

''ကို့က ဘာဖြစ်နေလို့ လဲ သက်ထား''

''ဆောရီး၊ ကို့လို အနုပညာသမား မဖြစ်စေရဘူးလို့ ပြောချင်တာ''

ကျွန်တော် မျက်မှောင်ကြုတ်၏။

''မျက်မှောင်ကို ကြုတ်ထားပြန်ပြီ'' ဟု ပြုံးလျက် ပြောပြန်သဖြင့် ကျွန်တော် သတိထိန်း ပြန်ဖြေလျော့ရသည် ။

''ဆိုစမ်းပါဦး ...''

''ကို့လို ကိုယ့်သဘောနဲ့ ကိုယ့်၊ ကိုယ့်လုပ်ချင်ရာကို တစ်လမ်းသွား ရွေးချယ်မှုမျိုး၊ ကလေးကို မပေးနိုင်ဘူး။ သူဟာ မိဘရဲ့ အမိန့်၊ စီမံမှုနဲ့ ပဲ ဘဝကို ဖြတ်သန်းရမယ် ''

''ဒါ လူ့အခွင့်အရေး ချိုးဖောက်မှု၊ အာဏာရှင်စနစ်ပဲ ဖြစ်တယ် သက်ထား။ ကိုတော့ အဲဒီအစီအမံမျိုးကို မနှစ်မြို့ဘူး ''

''သူ နှစ်မြို့လာအောင်၊ ငယ်ငယ်ကတည်းက ပုံသွင်းထားမှာ ပေါ့။ ပိုသေချာပြီကို။ သားလေးကို သူ့အဖေစကား နားထောင်ခိုင်းလို့ မဖြစ်ဘူး။ ဟော ... ကြည့်၊ ကိုက မျက်မှောင်ကြုတ်နေပြန်ပြီ''

သည် တစ်ကြိမ်တော့ ကျွန်တော် ပြန်မဖြေလျော့။

သက်ထားဆွေက ကျွန်တော့်မျက်လုံးတွေကို ငေးကြည့်နေ၏။ အတန်ကြာမှ ...

''အမေ့စကားကို မြေဝယ်မကျနားထောင်၊ အမေစီမံတာကို တသွေမတိမ်းလိုက်နာတဲ့ သားလိမ္မာပဲ ဖြစ်ရမယ်''

''အဲဒီလို ကောင်တွေပဲ ခြောက်တောက်တောက် ဖြစ်ကုန်တာ''

''မဆိုင်ဘူး ကို့။ ကို့ သားဟာ ကို့လိုပဲ ယောကျ်ားပီသတဲ့ စိတ်မျိုးတော့ ရှိကိုရှိရမှာ ပါ။ ဒါပေမဲ့ ... ကို့လို အနုပညာအတွက်၊ ပုံအပ်ရူးသွပ်တဲ့ စိတ်ခံစားမှုတော့ မရှိစေရဘူး''

''သူဟာ ယောကျ်ားတစ်ယောက် ဖြစ်လာလိမ့်မယ်။ လူ့ဘဝမှာ သူဖြစ်ချင်တဲ့ ၊ သူဝါသနာကြီးမားတဲ့ အရာတစ်ခုခု ရှိလာလိမ့်မယ်။ ဒီအခါ ... သူ့အမေ တားတာကို မဆိုထားနဲ့ ၊ မာရ်နတ် ဆင်းတားတောင် သူ နောက်ဆုတ်လိမ့်မှာ မဟုတ်ဘူး ''

''ဘာကြောင့်လဲ ... ကို့''

''ဘာကြောင့်လဲဆိုရင်၊ သူ လူဖြစ်လာတဲ့ အခါ၊ သူ့နှလုံးသွေးဟာ၊ ကို့ရဲ့ သွေးတွေနဲ့ လည်ပတ်နေမှာ မို့ပဲ''

သက်ထားဆွေ မျက်နှာလေး ညှိုး၏။

''အဲဒီလိုဆို၊ သူ ... ကို့လိုပဲ ဒုက္ခတွေနဲ့ ဘဝကို ဖြတ်သန်းနေရမှာပေါ့ ကိုရယ်''

''အဲဒီအခါ ... ဒုက္ခတွေကို ကို့လို မေ့ပစ်ပေးနိုင်စွမ်းမယ့်၊ သက်ထားလို လက်ကလေး တစ်စုံ သူရှာတွေ့မှာ ပါ''

ပြောရင်း ကျွန်တော့်လက်ကို အသာကမ်း၏။ သူ ... ကျွန်တော့်လက်

ကို နွေးထွေးဆုပ်ကိုင်သည် ။

ညဦးသည် လေညင်းနုဝဲလျက်၊ ရှိချေ၏။

''(၃၅) ကလည်း ခုထိမလာသေးဘူး'' ဟု ကားလမ်းဘက် မျှော်ငေးရင်း၊ သက်ထားဆွေ ညည်း၏။

''လာတော့မှာ ပါ''

''နောက်ကျမှ အိမ်ရောက်ရင်၊ လူကြီးတွေက ကိုနဲ့ တွေ့နေလို့ နောက်ကျတယ်ဆိုပြီး ထင်နေကြဦးမယ်''

''ထင်တော့ ဘာဖြစ်သလဲ''

''ထင်တော့ နောက်ဆို သက်ထားကို ပိုတင်းကျပ်မှာ ပေါ့။ ကိုနဲ့ သက်ထား ချစ်နေကြတာကို သေသေချာချာ သိသွားရင်၊ ကွဲကွာရအောင် ခွဲခွာကြမှာ ပေါ့''

''မာရ်နတ်မင်း ဆင်းခွဲရင်တောင်၊ ကို သက်ထားကို မစွန့်လွှတ်ဘူး။ မြတ်နိုးရာကို ဘေးပယောဂ တစ်စုံတစ်ရာကြောင့် နောက်ဆုတ်လက်လွှတ်ဖို့ အစီအစဉ် ကို့မှာ မရှိဘူး ''

''ကိုက သိပ်ခေါင်းမာတာပဲ''

''ဒါပေမဲ့ ကို့နှလုံးသားကတော့ သိပ်ကို နုနယ် နူးညံ့ပါတယ် သက်ထား'' ဟု ကျွန်တော် ပြောခဲ့သည် ။

(ထိုနေ့မှ တစ်ခုသော နှစ်တစ်နှစ်၏ ဗယ်လင်တိုင်းဒေးကို ကျော်လွန်ပြီးသော ဖေဖော်ဝါရီ ရက်စွဲတစ်ရက်ဟု ကျွန်တော် အမှတ်ရ နေပါသေးသည် )။

***